# စစ်ကောင်စီ ထောက်ခံသူများ၏ FACEBOOK တွင် ရေးသားနေသည့် ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (ဇူလိုင်လ)



Credit - https://www.quora.com/

# မာတိကာ


**၁။ နိဒါန်း ........ 2**

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ ........ 2**

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ........ 2

၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ ........ 3

၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် FACEBOOK GROUP များကို ရွေးချယ်ခြင်း ........ 4

၂.၄။ ကန့်သတ်ချက် ........ 4

**၃။ လေ့လာတွေ့ရှိချက်များ ........ 5**

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို FACEBOOK GROUP ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ ........ 5

၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ ........ 6

၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ ........ 8

၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ ........ 10

၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချီမှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ ........ 12

**၄။ နိဂုံးချုပ် ........ 13**

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထိုကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မည့်သည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

## ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

### ၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
| --- | --- |
| ဘာသာရေး | ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်တပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် တုန့်ပြန်မှုများ | အပစ်အခတ်ရပ်စဲရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်စဉ်များ | အပစ်အခတ်ရပ်စဲရေးထိုးမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | ပျူစောထီး |
| သတင်းပေးခြင်း | စစ်ကောင်စီ ထောက်ခံသူများ |
| လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း | အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ |
| | ဆန္ဒပြလှုပ်ရှားမှုများ ပြုလုပ်နေသည့် အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ/ နိုင်ငံရေးသမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ - ၂၀၂၀) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |
| | |

**ဇယား (၁)**

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချီရေးကို နေ့စဉ် စဉ်ဆက်မပြတ်  လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့် လေ့လာခဲ့ပါသည်။

(၂) တွင်ပါရှိသည့် အုပ်စုနံပါတ် (၁) နှင့် အုပ်စုနံပါတ် (၃) မှာ Private Group ဖြစ်ပြီး အုပ်စုနံပတ် (၂ ) နှင့် အုပ်စုနံပတ် (၄) တို့မှာ  မှာ  Public Group များ ဖြစ်သည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဍာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

## ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပို့စ် အရေအတွက် ၄၈၂ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပို့စ်များနှင့် ပတ်သက်၍ ထိတွေ့ တုံ့ပြန်မှု အရေအတွက် ၁၃၇၇၂ ခု ရှိခဲ့ပြီး မျှဝေသူ ၃၈၅ ဦးနှင့် မှတ်ချက် ရေးသားသူ ၈၃၅ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

### ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ




ဂရပ် (၁)


**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၈၃ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၈ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၆ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၃၄ ကြိမ်ရှိပြီး အဖြူရောင်ဝါဒဖြန့်ခြင်း ၆ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၄ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၂၅ ကြိမ်ရှိပြီး အဖြူရောင် ဝါဒဖြန့်ခြင်း ၂ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၁၀၅ ကြိမ် ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၇ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၂ ကြိမ် ရှိခဲ့သည်။


## ၃.၂။ ဝါဒဖြန့်သည့် ပို့စ်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ သတင်းပေးခြင်း ဖြစ်ပြီး ၃၃ ရာခိုင်နှုန်းထိ ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ၂၂ ရာခိုင်နှုန်း၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာ ၁၄ ရာခိုင်နှုန်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၂၀ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။

သတင်းပေးသည့် ဖြစ်စဥ်များတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားနေသည့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား တော်လှန်ရေး အင်အားစုများ၏ စစ်ရေး လှုပ်ရှားမှုများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ ကို ထောက်ခံသူများအား ဖမ်းဆီးရန် သတင်းပေးခြင်းများကို တွေ့ရသည်။





ပုံ (၁)

မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA) နှင့် မဟာမိတ် တပ်ဖွဲ့များမှ လားရှိုးမြို့အနီးတစ်ဝိုက်ရှိ စစ်ကောင်စီ တပ်စခန်းများကို ဇူလိုင်လ ၃ ရက်နေ့တွင် စတင် တိုက်ခိုက်ခဲ့သည်။ ၁၀၂၇ စစ်ဆင်ရေး၏ ဒုတိယပိုင်း အဖြစ် တိုက်ခိုက်ခဲ့သည့် စစ်ရေး လှုပ်ရှားမှုများ အတွင်း ၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ပူးပေါင်းတပ်ဖွဲ့တို့သည် လားရှိုးမြို့ မိုးမိတ်မြို့ မိုးကုတ်မြို့ ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့ကို သိမ်းပိုက်နိုင်ခဲ့သည်။


ထို့ကြောင့် ဇူလိုင်လတွင် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA) နှင့် ပတ်သက်သည့် ရေးသား ဝါဒဖြန့်မှုများကို အများဆုံး တွေ့ရပြီး MNDAA ဦးဆောင်သည့် တပ်ဖွဲ့များမှာ အထိအခိုက် အကျအဆုံး များစွာဖြင့် ဆုတ်ခွာ နေရကြောင်းနှင့် ဗမာလူမျိုးများအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နေကြောင်း ဝါဒဖြန့် ရေးသားမှုများ ပြုလုပ်ခဲ့သည်။

## ၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)


ဇူလိုင်လအတွင်း ဝါဒဖြန့်သည့် ပိုစ့်များ ရေးသားရာတွင် အန်စီအေစာချုပ်ကို လက်မှတ်ရေးထိုးမထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၉ ရာခိုင်နှုန်း၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၄ ရာခိုင်နှုန်း၊ တပ်မတော်နှင့် ပတ်သက်၍ ၁၄ ရာခိုင်နှုန်း၊ ပြည်သူများနှင့် ပတ်သက်၍ ၁၃ ရာခိုင်နှုန်း၊ စစ်ကောင်စီနှင့် ပတ်သက်၍ ၁၁ ရာခိုင်နှုန်း၊ စစ်ကောင်စီကို ထောက်ခံသူများနှင့် ပတ်သက်၍ ၁၀ ရာခိုင်နှုန်း အသီးသီး ရှိခဲ့သည်ကို တွေ့ရသည်။




ပုံ (၂)

ပြည်သူများနှင့် ပတ်သက်၍လည်း အဆိုးမြင် သဘောထားဖြင့် ရေးသား ပြောဆိုမှုများကို တွေ့ရှိရသည်။ အထူးသဖြင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် တော်လှန်ရေး တပ်ဖွဲ့များ မြို့အတွင်းသို့ဝင်ရောက်လာချိန်တွင် ကြိုဆိုခဲ့ကြသည့် ပြည်သူများနှင့် စစ်ဘေးရှောင် ပြည်သူများကို တိုက်ခိုက်ရေးသား ဝါဒဖြန့်မှုများ အများဆုံး ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ




ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၀) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်း အချက်အလက်များ၊ အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင် စနစ်တကျ ဝါဒဖြန့်ခဲ့သည်။

ဇူလိုင်လ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် ရက္ခိုင့်တပ်တော်(AA)၊ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)နှင့် တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အန်စီအေလက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များထဲမှ ကရင် အမျိုးသား အစည်းအရုံး(KNU)ကို ဦးတည် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ်ခဲ့သည်။




ပုံ (၃)

ယခုလအတွင်းတွင် စစ်တပ်နှင့် သက်ဆိုင်သည့် ဝါဒဖြန့်ရေးသားမှုများမှာ ၂၀ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ တပ်မတော်နှင့် ပတ်သက်၍ ဦးတည် ရေးသားမှုများ အနက် ၅ ရာခိုင်နှုန်းမှာ အဆိုးမြင် သဘောထားဖြင့် ရေးသားထားခြင်းကို တွေ့ရသည်။ အဆိုးမြင် သဘောထားဖြင့် ရေးသားသည့် ပို့စ်များတွင် တွေ့ရှိရသည့် အချက်များမှာ စစ်ရေးလှုပ်ရှားမှုများကို ဦးဆောင်ကိုင်တွယ်သည့် စစ်ကောင်စီနှင့် တပ်မတော် ခေါင်းဆောင်များ၏ စစ်ရေး အစီအစဉ်များ ချမှတ်ရာတွင် ညံ့ဖျင်းမှုများကို ဝေဖန်ခြင်းနှင့် တပ်မတော် အတွင်း ရာထူးခန့်အပ်မှုများတွင် အားနည်းချက်များ ရှိနေကြောင်း ဝေဖန်ရေးသားမှုများကို တွေ့ရသည်။ တပ်မတော်နှင့် ပတ်သက်၍ အကောင်းမြင် သဘောထားဖြင့် ရေးသားမှုများ ၆၂ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ စစ်ရေး ရှုံးနိမ့်မှုများကို ဖုန်းကွယ်ပြီး တပ်စခန်းများကို အကောင်းဆုံး

ကာကွယ်ထားနိုင်ကြောင်း၊ တော်လှန်ရေး တပ်ဖွဲ့များကို အထိအခိုက် အကျအဆုံးများအောင် တိုက်ခိုက် ထားနိုင်ကြောင်း၊ နိုင်ငံ့သမိုင်း တလျောက်တွင် အစဉ်အလာ ကြီးမားသဖြင့် ယခုလည်း တပ်မတော်သာ အနိုင်ရမည် ဖြစ်ကြောင်း၊ ရေဘေး အန္တရာယ် ကျရောက်နေသည့် ဒေသများတွင် ကူညီမှုများ လုပ်ဆောင် နေကြောင်းနှင့် တပ်မတော်သားများသည် စွန့်လွှတ် အနစ်နာခံသူများ ဖြစ်ကြောင်း ပုံဖော် ဝါဒဖြန့် ရေးသားခဲ့သည်။ စစ်ရေးအရ ရှုံးနိမ့်မှုများကို ဖုန်းကွယ်ပြီး တပ်စခန်းများ လက်လွှတ်ရခြင်း မရှိကြောင်း ဝါဒဖြန့်ရေးသားမှုများနှင့် ပတ်သက်၍ မမှန်ကန်ကြောင်း တုံ့ပြန်ရေးသားသည့် မှတ်ချက် အနည်းငယ်ကိုလည်း တွေ့ရှိရသည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချီမှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ




ဂရပ် (၅)

စစ်ကောင်စီကို ထောက်ခံသူများကိုသာ စီစစ်၍ အဖွဲ့ဝင် ဖြစ်ခွင့်ပေးထားသော Private Group ဖြစ်သည့် အုပ်စုနံပါတ် (၁) တွင် တွေ့ရှိရသည့် ဝါဒဖြန့်မှုများနှင့် ပါတ်သက်သည့် ထိတွေ့တုန့်ပြန်မှု အခြေအနေများ ဖြစ်သည်။

## ၄။ နိဂုံးချုပ်

ဇူလိုင်လအတွင်းတွင် မီးခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

ဇူလိုင်လ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များမှ ရက္ခိုင့်တပ်တော်(AA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (MNDAA)နှင့် တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး လုပ်ဆောင် ခဲ့သည်ကို တွေ့ရသည်။ အန်စီအေလက်မှတ် ရေးထိုး ထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များအနက် ကရင် အမျိုးသား အစည်းအရုံး(KNU)ကို ဦးတည် တိုက်ခိုက် ရေးသားမှု အများဆုံးပြုလုပ်ခဲ့သည်။

ဇူလိုင်လတွင် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA) နှင့် ပတ်သက်သည့် ရေးသား ဝါဒဖြန့်မှုများကို အများဆုံး တွေ့ရပြီး MNDAA ဦးဆောင်သည့် တပ်ဖွဲ့များမှာ အထိအခိုက် အကျအဆုံး များစွာဖြင့် ဆုတ်ခွာ နေရကြောင်းနှင့် ဗမာလူမျိုးများအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်နေကြောင်း ဝါဒဖြန့် ရေးသားမှုများ ပြုလုပ်ခဲ့သည်။

ပြည်သူများနှင့် ပတ်သက်၍လည်း အဆိုးမြင် သဘောထားဖြင့် ရေးသား ပြောဆိုမှုများကို တွေ့ရှိရသည်။ အထူးသဖြင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် တော်လှန်ရေး တပ်ဖွဲ့များ မြို့အတွင်းသို့ ဝင်ရောက်လာချိန်တွင် ကြိုဆိုခဲ့ကြသည့် ပြည်သူများနှင့် စစ်ဘေးရှောင် ပြည်သူများကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

စစ်ကောင်စီနှင့် တပ်မတော် ခေါင်းဆောင်များ၏ စစ်ရေး အစီအစဉ်များ ချမှတ်ရာတွင် ညံ့ဖျင်းမှုများကို ဝေဖန်ခြင်းနှင့် တပ်မတော် အတွင်း ရာထူးခန့်အပ်မှုများတွင် အားနည်းချက်များ ရှိနေကြောင်း ဝေဖန် ရေးသားမှုများလည်း တွေ့ရသည်။ သို့သော် စစ်ကောင်စီ၊ တပ်မတော်တို့နှင့် ပတ်သက်၍ ရေးသားသည့် ပို့စ် အများစုတွင် စစ်ရေးအရ ရှုံးနိမ့်မှုများကို ဖုန်းကွယ်ပြီး တပ်စခန်းများ အကောင်းဆုံး ကာကွယ်ထားနိုင်ကြောင်း၊ တော်လှန်ရေး တပ်ဖွဲ့များကို အထိအခိုက် အကျအဆုံးများအောင် တိုက်ခိုက် ထားနိုင်ကြောင်း၊ တပ်မတော်သည် မြန်မာနိုင်ငံသမိုင်းတွင် အစဉ်အလာ ကြီးမားသဖြင့် ယခုလည်း တပ်မတော်သာ အနိုင်ရမည် ဖြစ်ကြောင်း၊ ရေဘေး အန္တရာယ် ကျရောက် နေသည့် ဒေသများတွင် ကူညီမှုများ လုပ်ဆောင် နေကြောင်းနှင့် တပ်မတော်သားများသည် စွန့်လွှတ် အနစ်နာခံသူများ ဖြစ်ကြောင်း ပုံဖော် ဝါဒဖြန့် ရေးသားခဲ့သည်။

ဇူလိုင်လ အတွင်းရှိ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများနှင့် ပတ်သက်၍ စိတ်ဝင်စားမှု မြင့်တက်ခဲ့သည်ကို တွေ့ရသည်။